# တို့ထိခြင်း တစ်ချက်၏ တန်ဘိုး

( ရှင်မဿဲ ၉ နှင့် ရှင်လုကာ ၈ တို့တွင် ဖော်ပြသည့် ပုံပြင်မှန်)

ယေရှုသည် မိမိ၏ နေရင်းမြို့ ဖြစ်သည့် နာဇရက်သို့ ပြန်သွားပြီးလျှင် ဖျားနာနေသော သူများအား သွန်သင်ခြင်းနှင့် အနာရောဂါ ကင်းငြိမ်းခြင်းများကို ပြုလုပ်ပါသည်။ သူသွားသည့် နေရာတိုင်းတွင် လူအစုအဝေးတို့သည် သူ၏ နှုတ်ကပတ်တော်ကို ကြားနာလို၍ လည်းကောင်း၊ အံ့ဩဘွယ် နိမိတ်လက္ခဏာများကို မြင်လို၍ လည်းကောင်း၊ နောက်တော်ပါးသို့ လိုက်ကြ၏။

ဤတစ်နေ့တွင်လည်း ယေရှုသည် အနီးအပါးရှိ မြို့ တစ်မြို့တွင် နေထိုင်သော အရာရှိတစ်ဦး၏သမီး သေလုမျောပါး ဖြစ်နေသဖြင့် ထိုသူ၏အိမ်သို့ သွားစဉ် လမ်း၌ လူအစုအဝေးကြီးမှာလည်း ခါတိုင်းကဲ့သို့ပင် သူ၏နောက်တွင် ပါလာခဲ့ပါသည်။ ဤလူအစုအဝေးကြီးထဲတွင် တစ်ဆယ့်နှစ်နှစ်ပတ်လုံး သွေးသွန်နာစွဲသော မိန်းမတစ်ဦးလည်း ပါလာခဲ့ပါသည်။ တစ်ချိန်လုံးပင် သူမသည် သမားတော်တစ်ဦးပြီး တစ်ဦး ကုသသော်လည်း သက်သာရာမရခဲ့ချေ။ သူမ၏ ဥစ္စာရှိ သမျှသည်လည်း ဆေးဝါးခများနှင့်ပင် ကုန်သွားပါသည်။ ထို့ပြင် သမားတော်များ၏ ကုသမှုကြောင့် သူမ၏ရောဂါမှာ ပိုမိုဆိုးဝါးလာယုံမျှမက သွေးမှာလည်း ဆက်လက်သွန်လျှက် ရှိနေပေသည်။ ဤအခြေအနေဆိုးတွင် ရောက်လျှက်ရှိနေသော ထိုမိန်းမသည် ဤကဲ့သို့ တွေးတောမိ၏။ ငါသည် အဝတ်တော်ကိုသာ'တို့'ရလျှင် ချမ်းသာရာရမည်။ ထို့နောက် ယေရှုအား ခပ်လှမ်းလှမ်းတွင် တွေ့ရသောအခါ သူ့ထံသို့ စိတ်စောကြီးစွာဖြင့် တိုးခွေ၍ သွားလေ၏။ ဤကဲ့သို့ ယေရှုအနီးသို့ ရောက်ရှိရန်မှာ ကြည့်ရှုနေသော သူများကြောင့် မလွယ်ကူသော်လည်း - သူမ၏စိတ်ထဲတွင် ရှိသော တစ်ခုထဲသောအသိမှာ - သူမသည် သူ့ကို 'တို့' ရမည်။ အဝတ်တော်၏ ပန်းပွားပင် ဖြစ်ပါစေ၊ 'တို့' မည်ဟူသော အသိတစ်ခုတည်းပင် ဖြစ်ပါသည်။

နောက်ဆုံး လက်လှမ်းမီသော နေရာသို့ ရောက်သွားသောအခါ သူမ၏ လက်ကို ဆန့်တန်းလိုက်ပြီး သူ၏ ဝတ်ရုံကို လက်ဖျားထိပ်ကလေးဖြင့် 'တို့' လိုက်ပါ သည်။ သူ၏ဝတ်ရုံကို 'တို့' လိုက်သည်နှင့် တစ်ပြိုင်နက် သူမ၏ နှစ်ပေါင်းများစွာ ခံစားနေရသော သွေးသွန်နာမှာ လုံးဝပျောက်ကင်းသွားပါသည်။ သူမ၏ တစ်ကိုယ်လုံးသို့ ကျန်းမာခြင်းနှင့် အင်အားတို့သည် နွေးထွေးစွာ စီးဝင်နေကြောင်းကို ခံစားရလျှက် နှစ်ပေါင်းများစွာ ခံစားနေရသော နာကျင်ခြင်းနှင့် ဝေဒနာတို့သည် နောက်ဆုံးတွင် လုံးဝပျောက်ကင်းသွားပြီး ဖြစ်ကြောင်း သူမ-သိရှိ လိုက်ပါသည်။

ယေရှုသည် သူ၏တန်ခိုးတော် ထွက်သွားကြောင်းကို သိလျှင် ခေတ္တ ရပ်နားလိုက်ပြီးလျှင် လူအစုအဝေးများ ဘက်သို့လှည့်၍ "ငါ့ကို အဘယ်သူ တို့ သနည်း" ဟု မေးလေသည်။

တပည့်တော်တို့သည်လည်း သူ့အားအံ့အား သင့်စွာ ကြည့်လျှက် " လူအစု အဝေးတို့သည် ကိုယ်တော်အား ထိမိခိုက်မိကြသည်ဖြစ်၍ ငါ့ကို အဘယ်သူ တို့သနည်းဟု မေးတော်မူပါသည်တကား" ဟု လျှောက်လေ၏။ သို့ရာတွင် ယေရှုသည် ၎င်းအား မည်သူတို့သည်ကို သိနှင့်ပြီး ဖြစ်သည့်အတိုင်း အံ့အားသင့်လျှက် ရှိသော ထိုအမျိုးသမီးထံသို့ လှည့်ကြည့် လိုက်လေသည်။

ဖြစ်ပျက်ခဲ့သမျှသော အချင်းအရာများကြောင့် အံ့ဩတုန်လှုပ်ဆဲ ရှိသော ထိုမိန်းမသည် သူ၏ ခြေတော်ရင်းတွင် ပြပ်ဝပ်လျက် သူမ၌ ဖြစ်ပျက်ခဲ့သမျှသော အရာတို့ကို ပြန်လည်၍ ကြားလျှောက်လေ၏။ ထိုအခါ ဖခင်သည် မိမိ၏ ကလေးငယ်အား ချစ်ခင်ကြင်နာစွာ ပြောဆိုသကဲ့သို့ ယေရှုသည် သူမအား "ငါ့သမီး - မစိုးရိမ်နှင့် ၊ သင်၏ ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ။ ငြိမ်ဝပ်စွာ သွားလော့" ဟု မိန့်တော်မူ၏။ ယေရှုသည် သူ၏ ဝတ်ရုံအား တို့ခြင်းကြောင့် လူအစုလူဝေးအား ထင်ရှားစွာ သိစေလိုက်ပါ သည်။ သူမ၏ ယုံကြည်ခြင်းသာလျှင် သူမအား ပျောက်ကင်းစေခြင်း ဖြစ်ပါသည်။

ဤပုံပြင်မှ နေ၍ ဒီကနေ့ ကျွန်ုပ်တို့၏ အသက်တာနှင့် ယှဉ်၍ အသုံးပြုနိုင်သည့် သင်ခန်းစာကို ခံယူရရှိနိုင်ပါသည်။ လူအစု အဝေးသည် ယေရှု ပတ်လည်တွင် ဝိုင်းရံလျှက် ရှိသော်လည်း အဘယ်ကြောင့် တစ်ဦးတည်းသာလျှင် ဘုရားသခင်ထံမှ အနာကို ငြိမ်း စေသော တို့ထိခြင်းတန်ဘိုးကို ခံစားရပါသနည်း။ လူအများတို့သည် ယေရှုနောက်သို့ လိုက်ရာတွင် စိတ်ဝင်စားစွာ စူးစမ်းလိုသည့်စိတ်၊ ယေရှုကို တွေ့မြင်လိုသည့်စိတ်ဖြင့် လိုက်ခြင်းဖြစ်၏။ သို့ရာတွင် ထိုအမျိုးသမီးမှာမူ ယေရှုအကြောင်းကို ကြားလျှင်ကြားခြင်း သူမသည် အရာခပ်သိမ်းကို ဆုံးရှုံးနေပြီး ဖြစ်သော်လည်း ယေရှုသည် သူမအား ကယ်တင်နိုင်မည်ဟု စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်၏။ ထိုယုံကြည်သည့် စိတ်အပြည့်အဝနှင့် ကိုယ်တော်အား ကိုယ်တိုင်<u>မတို့ထိ</u>ရသမျှ အရှုံးမပေးဘဲ ကိုယ်တော်ထံသို့ အရောက်တိုးဝှေ့ သွားခြင်းပင်ဖြစ်သည်။

ဆုတောင်းခြင်းသည် မည်မျှအောင်မြင်သည်ကို သာဓက ပြခြင်းဖြစ်သည်။ ၎င်းတွင် သင်မည်မျှကြာကြာ ဆုတောင်းသည် သို့မဟုတ်

မည်မျှ ယုံကြည်သည်ပေါ် မူမတည်ချေ။ သင်၏ ရေဒီယိုကို သင်အသံဖမ်းသည်နှင့် တူ၏။ သင်လိုချင်သည့် နေရာမှန်သို့ ရောက်လျှင် အသံသည် ရှင်းလင်းပြတ်သားပြီး ကြည်လင်နေသည်ကို ကြားရပါသည်။ ဆုတောင်းခြင်းသည် လူသားတို့၏ လိုအပ်ချက်များနှင့် ဘုရားသခင်၏ အံ့သြဘွယ် တန်ခိုးတော်တို့ကို ဆက်သွယ်ပေးခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ လုပ်ရမည့်အရာမှာ ကျွန်ုပ်တို့၏ လိုအပ်ချက်များအား ဘုရားသခင် ဧကန်အမှန် ပေးမည်ဟု ယုံကြည်လျက် ရှေ့တော်မှောက်သို့ ဆုတောင်းခြင်းဖြင့် ယူဆောင်လာရန်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် စိတ်မပျက်ဘဲနှင့် ဆက်လက်ဆုတောင်းနေပါက ၎င်းအချိန်ကလေးတွင် အံ့သြဘွယ်သော အရာတို့သည် ဖြစ်ပေါ်လာနိုင်ပေမည်။ ဤအားနည်းလျက် ဖျားနာနေသော မိန်းမတွင် ယေရှုအနီးသို့ ရောက်အောင် သွားနိုင်ရုံလောက်သာ အင်အားရှိတော့သော်လည်း၊ သူမ၏ ယုံကြည်ခြင်းအစေ့ ကလေးအား လက်တွေ့လုပ်ဆောင် လိုက်သောအခါတွင် ကိုယ်တော်နှင့် တို့ထိပြီး သူမ၏ ဆုတောင်းချက်အဖြေကို ရရှိသွားပါသည်။

ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်ကို ရရှိနိုင်သည်မှာ အဘယ်မျှလောက် အံ့သြဘွယ်ကောင်းသနည်း၊ ၎င်းမှာ နှုတ်ကပတ်တော်ကို နားထောင်ခြင်းဖြင့် ဘုရားသခင်၏ ဝိညာဉ်ကို ရှာဖွေခြင်းကြောင့် အဖြေကို ရရှိခြင်းပင် ဖြစ်ပါသည်။

ဒီကနေ့ ခရစ်ယာန် အများစုတို့သည် ယုံကြည်ခြင်းအားကြီးသော်လည်း ၎င်းတို့၏ ယုံကြည်ခြင်းများအား သမားတော်ကြီး ယေရှုထက် ဆေးဝါးဘက်တွင် ပိုမိုအားကြီးနေကြောင်း တွေ့ရသည်မှာ အလွန်ရှက်ဖွယ်ကောင်းလှပါသည်။ အမှန်မှာ ၎င်းတို့၏ ယုံကြည်ခြင်းအား ဆေးဝါးဘက်သို့ ပြောင်းလိုက်ခြင်းသာ ဖြစ်သည်။ ဆေးသမားများ အနေဖြင့် မတော်၊ မတတ်ခြင်း မဟုတ်ပါ။ ၎င်းတို့ အနေနှင့် တစ်ခါတစ်ရံ ရောဂါ အမျိုးအစားကို ခွဲခြားပြသခြင်း၊ သင့်လျော်သည့် ဆေးဝါးများကို ပေးခြင်းများကို ပြုပါသည်။ အခြား တစ်ဘက်တွင်လည်း ၎င်းတို့ အနေဖြင့် တစ်ခါတစ်ရံ မတတ်နိုင်သည့် အဖြစ်အပျက်များစွာလည်း ရှိပါသည်။

မကြာခဏ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်းကို အလွယ် တကူ လုပ်နိုင်ပါလျှက်နှင့်၊ ၎င်းကိုမစဉ်းစားဘဲ အနည်းငယ် နာကျင်ကိုက် ခဲသည်နှင့် ဆေးသေတ္တာကို သွား၍ဖွင့်လေ့ ရှိပါသည်။ ခေါင်းကိုက်ခြင်းကိုပင် ယုံကြည်ခြင်း အနည်းငယ်အားဖြင့် ဘုရားသခင် ပေးပျောက် နိုင်ပါသည်။ အက်စပရင်ဆေးကို သောက်ခြင်းသည် အပြစ်မဟုတ်သော်လည်း အဘယ့်ကြောင့် ဘုရားသခင်အား အခွင့်အရေး မပေးလိုကြသနည်း၊ ဘုရားသခင်သည် သင့်ကို ပျောက်ကင်းစေရုံသာမက သင်အဘယ့်ကြောင့် ရောဂါဖြစ်ရသည်ကို သိစေမည့်အပြင် နောင်တွင် ဤခေါင်းကိုက်ဝေဒနာကို အဘယ်ကဲ့သို့ ရှောင်ရှားရမည်ကိုပင် နားလည်စေမည် ဖြစ်ပါသည်။

ဝေဒနာပျောက်ကင်းစေသည့် အရေးကြီးဆုံး အဓိက အချက်တစ်ချက်မှာ ယုံကြည်ခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်သည် သင့်ကို ချစ်ကြောင်း၊ သင်၏ အနာဂတ်အတွက် တာဝန်ယူကြောင်း သိရှိခြင်းလည်း ဖြစ်ပါသည်။ ယုံကြည်ခြင်း သည် အနာရောဂါကို ပျောက်ကင်းစေသည်သာမက ရောဂါဝေဒနာကြောင့် ဖြစ်ပေါ်လာသည့် စိုးရွံ့ခြင်းများနှင့် တင်းမာမှုများကိုလည်း ဖယ်ရှားစေပါသည်။

သင်လိုအပ်သည့်အခါတိုင်းတွင် ဘုရားသခင်သည် သင့်အား ကူညီရန်နှင့် ပျောက်ကင်းစေရန် အလိုရှိပါသည်။ သင့်ဘက်မှ လုပ်ဆောင်ရန်မှာ တောင်းခံရန်သာ ဖြစ်ပါသည်။ (ယေရမိ ၃၂း၂၇) တွင် “ငါထာဝရဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့ကို အစိုးရသော ဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သော အရာ တစ်စုံတစ်ခု ရှိမည်လော ဟုဆိုထားပါသည်။ ယေရှုကလည်း ‘သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင် သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည် (ယော ၁၅း၇) ။ သင်၏ အသက်တာတွင် ဘုရားသခင် အား ခိုင်မာသော ယုံကြည်ခြင်းနှင့် အနာကို ငြိမ်းစေသည့် တန်ခိုးတော်ကို တောင်းခံပြီးပြီလား ?

## ဆောင်ရွက်မှု၏ ရလဒ်

### *ယုံကြည်ခြင်းနှင့် ပတ်သက်သည့် ပုံတို၊ ပုံစများ*

ဟေဗြဲ ၁၁း၁ တွင် ယုံကြည်ခြင်းသည် မြော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလန်းခြင်း အကြောင်းဖြစ်၏။ ဤကျမ်းပိုဒ်တွင် ပါရှိသော "Substance" အရာတို့ဟူသော စကားသည် ဂရိစကား hypostasis မှ ဘာသာပြန်ထားသော စကားဖြစ်၏။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀ နီးပါးက ဂရိဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဓမ္မသစ်ကျမ်းစာအုပ်အား ပြန်ဆိုရာတွင် ဘာသာပြန်သူအနေနှင့် ဤ "hypostasis" ဆိုသည့်စကားလုံးသည် သူ၏စိတ်ကို ရှုတ်ထွေးစေသည်။ ၎င်းစကားလုံးသည် လုပ်ငန်းသုံး စကားလုံးမျိုးနှင့်သာတူပြီး ဂရိကန္တဝင်စာပေတွင် သုံးသော အသုံးအနှုံးမျိုးနှင့် မတူသောကြောင့်၊ ၎င်းကိုက ဤစကားလုံးအား အရာများဟု အဓိပ္ပါယ် ရရှိသည်ဟု ဆုံးဖြတ်ပြီး ၎င်းကို "Subtance" အရာများ ဟု ပြန်ဆိုလိုက်ပါသည်။

သို့ရာတွင် လွန်ခဲ့သော နှစ်ပေါင်းများတွင် ရှေးဟောင်း သုတေသနပညာရှင်များက (Northern Island) မြောက်ပိုင်းကျွန်းတွင် ရှိသော ပျက်စီးပြီး ပြာပုံဖြစ်နေသော စားသောက်ဆိုင်ဟောင်း တစ်ဆိုင်အား တူးဖော်ကြရာတွင် သံသေတ္တာငယ်တစ်လုံးကို တွေ့ရှိပါသည်။ ၎င်းသံသေတ္တာထဲတွင် အစွဲရေးတွင် မြေနှင့်ဥစ္စာ ပစ္စည်းမြောက်များစွာ ပိုင်ဆိုင်ထားသည့် ရောမဂုဏ်သရေရှိ အမျိုးသမီးတစ်ဦး၏

အဘိုးတန် စာရွက်စာတမ်းအများစုပေါ်တွင် ဤဂရိစကားလုံးကို ရေးထားသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ သူမ၏ ဥစ္စာပစ္စည်းများသည် တရားဝင် ပိုင်ဆိုင်ကြောင်း ပြောပြစာပင် ဖြစ်သည်။ ဤရောမ အမျိုးသမီးသည် သူမ၏ ပိုင်ဆိုင်မှု ပစ္စည်းများကို တွေ့ဖူးချင်မှ တွေ့ဖူးမည် ဖြစ်သော်လည်း၊ ၎င်းပစ္စည်းများကို သူမသည် တရားဝင် ပိုင်ဆိုင်ကြောင်းကို ဖော်ပြသော စာတမ်းဖြင့် သက်သေပြနိုင်၏။

ထို့ကြောင့် ယုံကြည်ခြင်း ဆိုသည်မှာ အဘယ်နည်း ? (ဟေဗြဲ ၁၁း၁) တွင် "ယုံကြည်ခြင်းသည် မြော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏" လို့ ဆိုထားပါတယ်။

သင်သည် တစ်စုံတစ်ခုသော အရာကို တောင်းရာတွင် အဖြေကို မမြင်ရသေး သော်လည်း မစိုးရိမ်နှင့်။ သင့်တွင် စစ်မှန်သော ယုံကြည်ခြင်း ရှိပါက သင်တောင်းသော အရာကို သင်ရရှိခွင့် ရှိကြောင်းနှင့် သင်၏ နာမည်ကို မှတ်သားထားပြီးကြောင်း သင်သိရမည်။ ၎င်းသည် သင်၏ ပိုင်ဆိုင်မှု ဖြစ်သောကြောင့် သင်သိရမည်။ ၎င်းသည် သင်၏ ပိုင်ဆိုင်မှု ဖြစ်သောကြောင့်၊ ၎င်းကို သင်အမှန်တစ်ကယ်ပင် ရရှိပေမည်။

❖ ❖ ❖

မနက်ဖြန်အား ဘုရားသခင်လက်ထဲတွင် အပ်ထားပါက သာ၍ မကောင်းသလော?

အောက်ပါ အကြောင်းအချက်များသည် လူသားများအား အနှောက်အယှက် ပေးနေသော အရာများ ဖြစ်သည်။ မနက်ဖြန်နေ့၏ ဝန်ထုပ်ဝန်ပိုးများ၊ မနက်ဖြန်၏ တာဝန်ဝတ္တရားများတို့ ဖြစ်ကြပါသည်။ မာတင်လူသာ၏ အထုပ္ပတ္တိထဲတွင် ၎င်းက- ကျွန်ုပ်တွင် ကမ္ဘာလောကကြီးထဲတွင် ရှိသော အရာများထက် ချစ်သောအရာ တစ်ခုရှိပါသည်။ ၎င်းမှာ ကျွန်ုပ်၏ လိမ္မာ၊ ယဉ်ကျေးသော သပိတ်လွယ် ငှက်ကလေးပင် ဖြစ်ပါသည်။ ၎င်းဟာ နေ့စဉ် ကျွန်ုပ်အား တရားဟောလျက် ရှိနေပါသည်။ ညအချိန်တွင် ကျွန်ုပ်သည် မုန့်အစအန ကလေးများအား ပြူတင်းပေါက်ဘောင်၏ အောက်ခြေတွင် တင်ထားပေးပါသည်။ ၎င်းအစာဆာသော အခါတွင် ဤပြူတင်းပေါက်ဘောင်အောက်ခြေသို့ ပျံဆင်းလာပြီး ၎င်းလိုအပ်သမျှကို စားလိုက်ပါသည်။ ထို့မှတစ်ဆင့် အနီးတွင် ရှိသော သစ်ပင်ပေါ်သို့ ပျံတက်ပြီး သူ၏အသံလေးဖြင့် ဘုရားသခင်အား ချီးမွမ်းခြင်း၊ ကျေးဇူးတင်ခြင်း သီချင်းအား သီဆိုပြီးနောက် ၎င်း၏ တောင်ပံလေး အောက်သို့ ခေါင်းကို ဝှက်ထားပြီး မနက်ဖြန်အတွက် ဘာမှ စိုးရိမ်ပူပန်ခြင်း မရှိဘဲ၊ အိပ်ပျော်သွားပါသည်။ ၎င်းသည် ကျွန်ုပ်အတွက် ကမ္ဘာပေါ်တွင် ရှိသော အကောင်းဆုံး တရားဟောဆရာပင် ဖြစ်ပါသည်။

ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာအကြောင်း၊ ဖြစ်စေသော သူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ (ယေရမိ ၁၇း၇)

❖ ❖ ❖

အော်လီဗာကရောင်းဝဲလ်သည် သူ၏အတွင်းရေးမှူးအား အင်္ဂလန်ကျွန်းမှ တိုက်ဘက်သို့ အရေးကြီးသော လုပ်ငန်းတာဝန်ဖြင့် စေလွှတ်သည်။ တစ်ညတွင် သူသည် ဆိပ်ကမ်းမြို့တစ်မြို့တွင် ရှိနေစဉ်၊ သူအိပ်ယာဝင်သော်လည်း အိပ်မပျော်ဘဲ ရှိနေသည်။

ထုံးစံအတိုင်းပင် သူ၏နောက်တော်ပါးသည် သူ၏အခန်းတွင်းမှာပင် အိပ်ရပါသည်။ ဤအချိန်တွင် ၎င်းမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီး ဖြစ်ပါသည်။ အတွင်းရေးမှူးသည် ထိုလူအား နိုးပြီးလျှင် မိမိအနေနှင့် ဘာကြောင့် မနားနိုင်သည်ကို ပြောပြလေသည်။

- ငါဒီကိစ္စမှာ တစ်ခုခုမှားသွားမှာ သိပ်စိုးရိမ်တယ်ကွာလို့ ပြောပါတယ်။

ထိုအခါ နောက်တော်ပါးက -

- ဆရာ - ကျွန်တော် မေးခွန်းတစ်ခု၊ နှစ်ခုလောက် မေးပါရစေ - မေးစမ်းပါ !
- ဘုရားသခင်ဟာ ကျွန်တော်တို့ မမွေးမီက ကမ္ဘာကြီးကိုအုပ်စိုးခဲ့သလား ?
- သေချာဒါပေါ့ !
- ဒါဆို ကျွန်တော်တို့ သေပြီးတဲ့နောက်ကော အုပ်စိုးအုံးမှာလား ?
- သေသေချာချာကို အုပ်စိုးမှာပေါ့၊
- ဒါဆိုရင် ဆရာ၊ ဘာလို့ဒီပစ္စုပ္ပန်ကို သူ့ကို မအုပ်စိုး ခိုင်းတာလဲ ?

❖ ❖ ❖

စိန့်ဩဂတ်စတင်းဟာ တစ်နေ့မှာ ပင်လယ်ကမ်းနားမှာ လမ်းလျှောက်နေတယ်။ အဲဒီအချိန်မှာ သူ့မှာ သုံးပါးတစ်ဆူဆိုတဲ့ သွန်သင်ချက်နဲ့ပတ်သက်ပြီး အလွန်စိတ်ရှုပ်ထွေးလျှက် ရှိနေပါတယ်။ သူဟာ ကလေးငယ် တစ်ယောက် ခရုခွံကို ကိုင်ပြီး ပင်လယ်ရေကို ခပ်လိုက်၊ သဲထဲမှာ လုပ်ထားတဲ့ တွင်းထဲကို ဖြည့်လိုက် လုပ်နေတာကို တွေ့တဲ့အခါ ဩဂတ်စတင်းက -

- ငါ့သား၊ မင်းဘာလုပ်နေတာလဲ ဟု မေးလိုက်ပါတယ်။

- အို - ကျွန်တော် ဒီသမုဒ္ဒရာရေတွေကို ဒီတွင်းထဲကို ကြိုးစားပြီး ထည့်နေတာပါ - လို့ ပြန်ပြောပါတယ်။

ဤတွင် ဩဂုတ်စတင်းလည်း သင်ခန်းစာ ရရှိသွားပြီး ထွက်သွားတဲ့အခါမှာ ဘယ်လိုစဉ်းစားသလဲဆိုရင် -

- ဒါ - ငါကြိုးစားလုပ်တာမျိုးပဲ။ ငါအခုသိပြီ။ ငါပင်လယ်ကမ်းခြေမှာရပ်နေတဲ့ တစ်ချိန်လုံးမှာ ငါ့ရဲ့ အသိဉာဏ် နဲနဲလေးကို ဉာဏ်မမှီနိုင်တဲ့အရာကို စဉ်းစားဖို့ လုပ်နေတယ်။

ထို့ကြောင့် ကျွန်တော်တို့ဟာ ကိုယ်နားမလည်နိုင်တဲ့ အရာကို ဘုရားသခင်ကို သိစေခြင်းဖြင့် ရောင့်ရဲကြပါစို့ !

❖ ❖ ❖

တွမ်ကာတာ၏ မိခင်ကြီးသည် မိမိ၏သားအတွက် နှစ်ပေါင်းများစွာပင်ဘုရားသခင်ကယ်တင်ပြီး၊ ၎င်းအား တရားဟော ဆရာကြီး တစ်ပါးဖြစ်လာစေရန် ဆုတောင်းနေခဲ့ပါသည်။ သို့ရာတွင် သူမ၏ သားသည် လမ်းမှားသို့ ရောက်သွားပြီး နောက်ဆုံးတွင် ထောင်ထဲသို့ ရောက်သွားပါသည်။ သို့ရာတွင် မိခင်ကြီးမှာ ဘုရားထံမှ သူမတောင်းသော ဆုများ၏ အဖြေကို ရမည်ဟု ယုံကြည်စိတ် အပြည့်အဝနှင့် ဆုတောင်းနေဆဲပင် ရှိနေပါသည်။ တစ်နေ့တွင် ထောင်မှ 'တွမ်သေပြီ' ဆိုသည့် ကြေးနန်းစာကို လက်ခံရရှိပါသည်။

မိခင်ကြီးသည် ခေတ္တမျှ ငိုင်တွေသွားပြီး သူမ၏ အိပ်ခန်းထဲသို့ ပြန်ဝင်သွားပြီးနောက် ကျမ်းစာအုပ်ကို ရှေ့မှာဖွင့်လျက် ဆုတောင်းပါသည်။ ဘုရားသခင်အား 'အို-ဘုရားသခင်၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ထဲမှာ ပေးထားတဲ့ ဂတိတွေကို ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မဟာ အသက်ရှင်စဉ် အတွင်းတွင် တွမ်ကို ကယ်တင်ခြင်းရပြီး ဝမ်းမြောက်ဘွယ် သီတင်းတွေကို လိုက်လံ ဟောပြောနေတာကို မြင်ရမယ်လို့ ယုံပါတယ်။ အခု ကြေးနန်းစာက တွမ်သေပြီလို့ ပြောပါတယ်။ ဘုရားသခင် ဘယ်ဟာမှန်သလဲ ? ကြေးနန်းစာလား ? ကိုယ်တော်၏ နှုတ်ကပတ်တော်လား?

သူမသည် ဒူးထောက်ရာမှ ထလိုက်ပြီး အကျဉ်းထောင်သို့ ကြေးနန်းရိုက်လိုက်ပါသည်။ 'တစ်ခုခုတော့ မှားနေပြီ။ ကျွန်မသားလေး တွမ်ဟာ မသေပါဘူး' ။ အမှန် ပင် အမှားအယွင်း ရှိနေပါသည်။ တွမ်ကာတာဟာ အသက်ရှင်လျက် ရှိနေပါတယ်။ မကြာခင်ပင် ယေရှုအား မိမိကယ်တင်ပိုင်ရှင်အဖြစ် လက်ခံလိုက်ရုံသာမက ထောင်ထဲမှ ထွက်လာသောအခါတွင်လည်း လူအများအား ခရစ်တော်ထံသို့ ပြန်လည် ပို့ဆောင်သော တရားဟောဆရာကြီး တစ်ပါး ဖြစ်လာလေသည်။

❖ ❖ ❖

အချို့သည် . . . ဘုရားသခင်သည် ကျွန်ုပ်တို့ကို မကြည့်ရှုနိုင်ဘူး၊ တောင်းတဲ့ဆုတွေကိုလည်း ပေးမှာ မဟုတ်ပါဘူး. . . ဆိုပြီး စိုးရိမ်နေကြတယ်။ ဒါဟာ လူတစ်ယောက်နဲ့ တူနေပါတယ်။ သူဟာ ရေခဲနေတဲ့ အိုဟိုင်းယိုးမြစ်ကို ဖြတ်တဲ့အခါ၊ ရေခဲကျိုးကျပြီး သူနစ်သွားမှာ စိုးလို့ တွားပြီးသွားပါတယ်။ အဲဒီအချိန်မှာ မြင်းနှစ်ကောင်ဆွဲတဲ့ ဝန်စည်အပြည့်နဲ့ သံလှည်းကြီးဟာ ဒီမြစ်အပေါ် စိတ်ချ လက်ချနဲ့ ဖြတ်သွားတာကို တွေ့တဲ့အခါမှာ သူဟာ ငိုင်တွေသွားပါတယ်။

## အကျင့်စာရိတ္တနှင့် ပတ်သက်သည့် ဖွင့်ဆိုချက်များ

- ဘုရားသခင်၏ အလိုတော်ကို သိရှိနိုင်ရန် နှုတ်ကပတ်တော်ကို လေ့လာခြင်းသည် အကောင်းဆုံးသော စာရိတ္တကို ဖြစ်စေသည့် လျှို့ဝှက်ချက်ပင် ဖြစ်သည်။
- စစ်မှန်သော လူများသည် လူအများ၏ လေးစားခြင်းကို ခံရသည်။ ချမ်းသာသောသူများသည် မနာလိုခြင်းကို ခံရသည်။ အာဏာရှိသော သူများကိုမူ ကြောက်ရွံ့ကြသည်။ သို့ရာတွင် ရိုးသားဖြောင့်မတ်သော သူများကိုမူ ယုံကြည်ကြသည်။
- ကြီးမြတ်ခြင်းအား ဥစ္စာပစ္စည်း၊ တန်ခိုးအာဏာ၊ ရာထူးရာခံနှင့် ဂုဏ်ဒြပ်များတွင် မတွေ့ရပါ။ ကောင်းမြတ်ခြင်း၊ အစေခံခြင်းနှင့် စာရိတ္တကောင်းများတွင်သာ တွေ့ရပါသည်။
- သင်၏အသက်တာ အရှည်ကို မထိန်းချုပ်နိုင်သော်လည်း၊ ၎င်း၏ အနံ၊ အနက် နှင့် အမြင့်တို့ကိုမူ ထိန်းချုပ်နိုင်ပါသည်။
- သင်၏ ဂုဏ်သတင်း ကျော်ကြားမှုသည် အခြားသူများ ဝေဖန်ချက်များကြောင့်၊ ပျက်စီးသွားနိုင်၏။ သင်၏ အကျင့်စာရိတ္တကိုမူ သင်ကိုယ်တိုင် ဖျက်ဆီးမှသာလျှင် ပျက်စီးနိုင်၏။
- လူတစ်ယောက်၏ ချမ်းသာခြင်း စစ်မှန်စွာ တိုင်းတာရာတွင် သူ၏ ငွေကြေးများ ဆုံးရှုံးသွားပါက သူမည်မျှတန်ဘိုး ရှိတော့မည် အပေါ်တွင် မူတည်၍ တိုင်းတာပါသည်။
- အသက်တာတွင် ဖြစ်ပျက်ခဲ့သမျှသော အရာအားလုံးတို့သည် သင်၏ စာရိတ္တကို စစ်ဆေးသော အရာများသာ ဖြစ်၏။
- ပတ်ဝန်းကျင်က စာရိတ္တ မဖန်တီးနိုင်ပါ။ ဖော်ပြရုံသာ ဖြစ်သည်။

# မသိသည့်အခါမှ မခမ်းခြောက်သော စမ်းရေများ

ကျွန်ုပ်သည်  ကျွန်ုပ်သည် ကျမ်းစာတော်မြတ်တွင် ပါရှိသည့် ကတိတော်များသည် လက်တွေ့ကျပြီး နေ့စဉ်အသက်တာတွင် အသုံးပြုနိုင်ကြောင်း ဆိုသည့် ရှုပါရုံကို ရသည့်နေ့အား ဘယ်တော့မှ မေ့နိုင်မည်  မဟုတ်ချေ။ ၎င်းသည် ကျွန်ုပ် အတွက် ဗျာဒိတ်တော် ဖွင့်ပြခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်ငယ်စဉ်ကလေး ဘဝကပင် ကျမ်းစာကို သင်ကြားခဲ့ရသော်လည်း နှုတ်ကပတ် တော်တွင် ပါရှိသည့် ကတိတော်များအား ဘုရားသခင် အမှန်တစ်ကယ် ဆိုလိုသည်။ ကျွန်ုပ် သတိမပြုမိခဲ့ချေ။ ထို့ပြင် သူ၏ ကတိတော် အလုံးစုံတိုင်းအား ကိုင်စွဲလျက် တောင်းလျှောက်ပါက သူဖြည့်စည်း ပေးမည်ကိုလည်း ကျွန်ုပ် သတိမပြုခဲ့ပါ။

နှုတ်ကပတ်တော်က - ထိုသို့သောအားဖြင့်လည်း အလွန်အရေးကြီးမြတ်၍ အဘိုးထိုက်သော ဂတိတော်များကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုဂတိတော်များကို အမှီပြု၍ သင်တို့သည် လောကီ တပ်မက်ခြင်း၊ အညစ်အကြေးနှင့် ကင်းလွတ်သဖြင့်၊ ဘုရားပကတိကို ဆက်ဆံရသောသူ ဖြစ်ကြမည်အကြောင်းတည်း။ (၂ပေ။ ၁း၄) ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဂတိတော်များကို ကျော်လွန်ကြည့်၍သော်လည်းကောင်း၊ ပေါ့ပေါ့ဆဆ ကြည့်၍သော်လည်းကောင်း၊ မပြုလုပ်မိရန်၊ အင်မတန်မှ လေးနက်သော အကြောင်းအရာ တစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းအရာများကြောင့် ကျွန်ုပ်တို့သည် ဘုရားပကတိနှင့် ဆက်ဆံရသူ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဆုံးမဲ့ သော တန်ခိုးတော်သို့ သွားခြင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်အတွက် နှုတ်ကပတ်တော်လာ ကတိတော်များကို ကျွန်ုပ်၏ သေးငယ်သော ယုံကြည်ခြင်းနှင့် အသိဉာဏ်ကြောင့်၊ မကိုင်စွဲ၊ မသုံးရဲဘဲ ရှိစဉ်အခါက ကျမ်းစာသည် ကျွန်ုပ်အတွက် အင်မတန်မှ လှပသော စာပေတစ်ခုသာလျှင်ဖြစ်ပြီး လက်တွေ့အသုံးချရန် အတွက်သော်လည်းကောင်း၊ လေးလေးနက်နက် ခံယူရန် အတွက်သော်လည်းကောင်း၊ မဟုတ်ခဲ့ချေ။ ကျွန်ုပ်သည် အောက်ပါအမျိုးသမီးကြီး တစ်ဦးနှင့် တူပါသည်။ ၎င်းအား -

- ဘာဖြစ်လို့ နှုတ်ကပတ်တော်ထဲမှာ ဘုရားသခင်ဟာ သူ့ရဲ့ ဂတိတော်တွေကို ထည့်ထားတာလို့ ထင်သလဲ ? ဒီကတိတော်တွေဟာ ဘာအတွက်လဲ ?

- အင်း၊ ငါထင်တာ ကွက်လပ်တွေကို ဖြည့်ဖို့ဘဲ-လို့. သူမ ပြန်ဖြေပါတယ်။

ကျွန်ုပ်သည် ဤကဲ့သို့မျိုး ထင်မည်ဆိုပါက - ယုံပါတယ်။ ကျွန်တော်က အသိဉာဏ် နည်းပါးတဲ့ စကော့တစ်အမျိုးသမီးကြီး တစ်ဦးနဲ့ တူနေမှာပဲ၊ သူမရဲ့ အသက်တာ အများစုကို စကော့တလန် ကုန်းမြင့်တွေပေါ်မှာ ကုန်ဆုံးစေပြီး အင်မတန်မှ ဆင်းရဲနွမ်းပါးကာ အိမ်လခပင် ပေးရန် မရှိသဖြင့် အသင်းတော်ကိုသာ မှီခိုအားထား နေရသူ ဖြစ်ပါသည်။

တစ်နေ့တွင် အင်မတန် သဘောကောင်းသော သင်းအုပ်ဆရာကြီးက အိမ်လခ ယူလာပေးရင်း -

'မစ္စစ် မက်ကင်းထရစ်၊ ကျွန်တော် အကြောင်းအရာတစ်ခုကို ရှင်းရှင်းလင်းလင်း ပြောခွင့်ပြုပါ။ ခင်ဗျားအိမ်ကို အိမ်လခ ထောက်ပံ့နေတဲ့ လူတွေက ခင်ဗျားရဲ့ သားဟာ ဘာကြောင့် ခင်ဗျားကို မထောက်ပံ့တာလဲ ဆိုတာကို နားမလည်ကြဘူး။ ကျွန်တော်သိသလောက် သူဟာ ဩစတြေးလျမှာ အင်မတန်မှ ကောင်းတဲ့ရာထူးနဲ့ နေနေတယ်။ ပြီးတော့ သူဟာ လူကောင်းလေး တစ်ယောက်လည်း ဖြစ်တယ်။ အမေကိုလည်း အင်မတန်ချစ်တယ်။ ဒါဆိုရင် ပြဿနာက ဘာလဲ ? အမေကလည်း "ဟုတ်ပါတယ်။ သူကျွန်မကို ဘယ်တော့မှ မမေ့ပါဘူး။ အပတ်တိုင်း ကျွန်မဆီ စာရေးပါတယ်။ ကျွန်မ သူ့စာတစ်စောင်လောက် ဆရာ့ကို ဖတ်စေချင်တယ်။ "

ဒီလောက် အမေကို ချစ်လျှက်နဲ့ သူမကို မထောက်ပံ့ဘဲ ထားခဲ့တဲ့အတွက် သင်းအုပ်ဆရာလည်း စူးစမ်းချင်တာနဲ့ "ဒီသူငယ်ရဲ့စာကို ဖတ်မယ်"လို့ ချက်ချင်းပြန်ပြောလိုက်ပါတယ်။

"ဒါတွေဘဲ သူ့စာတွေ" သင်းအုပ်ဆရာကလည်း အရောင်ပျက်နေတဲ့ ကြိုးကို ဖြည်လိုက်ပါတယ်။ ထိုအခါ အမျိုးသမီးကြီးက "စာတိုင်းနဲ့အတူ သူကျွန်မကို ပုံလှလှလေးတွေ တစ်ခုပြီးတစ်ခု ပို့ပေးပါတယ်။ ပုံတွေကတော့ သိပ်မကြီးဘူး။ စာနဲ့ အံကိုက်ရုံပါပဲ။ ဒါဟာ ကျွန်မကို သူတွေးနေတယ် ဆိုတာကို ဖေါ်ပြတာပဲ။ " သင်းအုပ်ဆရာလည်း ခေါင်းမော့လိုက်ပြီး စိတ်ဝင်စားစွာနဲ့ "စာတိုင်းမှာ ပုံတစ်ပုံစီ ဟုတ်လား !" သူဟာ ခုနကထက် ပိုပြီး စူးစမ်းချင်လာတာနဲ့ . . . "ကျွန်တော် အဲဒါကို ခဏလေး ကြည့်ပါရစေ " "အို - ရပါတယ်။ တစ်ချို့ပုံက လူတစ်ယောက်ရဲ့ ဦးခေါင်းပုံ၊ တစ်ချို့ပုံကျတော့လည်း လူတစ်ယောက် မြင်းပေါ်မှာ ထိုင်နေတဲ့ပုံ၊ ဒါပေမဲ့ များသောအားဖြင့်တော့ ရှင်ဘုရင် ပုံတွေများပါတယ်။ ဒီပုံကို ကြည့်ပါဦး၊ အင်္ဂလန်ဘုရင်ရဲ့ပုံ- ဘုရင်ကြီး အသက်ရှည်ပါစေ !" အံ့အားသင့်နေတဲ့ သင်းအုပ်ဆရာကလည်း "ခင်ဗျား၊ သားလည်း အသက်ရှည်ပါစေ ! မိတ်ဆွေကြီး၊ ခင်ဗျားဟာ ချမ်းသာတဲ့ အမျိုးသမီး တစ်ဦးဆိုတာ သိရဲ့လား။ ဒါကို မသိဘဲနဲ့ ဆင်းရဲဒုက္ခခံပြီး နေနေတယ်။ ဒါတွေဟာ ဘဏ်ထုတ်ငွေတွေ။ ဒါတွေက ပိတ်ဆံတွေ၊ ခင်ဗျားမှာ ပစ္စည်းဥစ္စာတွေ ရှိတယ်။ ဒါကို မသိဘဲနဲ့ ဆင်းရဲ ဒုက္ခခံပြီး နေနေတယ်။ ဒီအိမ်မှာ ပစ္စည်း ဥစ္စာတွေ တစ်ချိန်လုံး ရှိရက်သားနဲ့ ဒါကိုပဲ အင်မတန်လှပတဲ့ ရုပ်ပုံလေးတွေလို့ ထင်နေတယ်။"

ဒါဟာ နှုတ်ကပတ်တော်လား။ ကတိတော်နဲ့ ပတ်သက်ရင် ကျွန်တော့ရဲ့ ပြဿနာပါပဲ။ ကျွန်တော်ဟာ ဒါကို အင်မတန်မှ လှပတဲ့

အရုပ်ကလေး၊ အင်မတန်မှ လှပတဲ့ ဘာသာစကားလို့ ထင်ခဲ့တယ်။ ဥပမာ - ဆာလံ ၂၃ ပါ " ထာဝရဘုရားသည် ငါ၏ သိုးထိန်း ဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ (လိုအပ်သည်) စိမ်းလန်းသော ကျက်စားရာ အရပ်၌ ငါ့ကို အိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏" ကျွန်တော့အတွက် ဒါဟာ အင်မတန်မှ လှပတဲ့ ကဗျာလေး တစ်ပုဒ်၊ ရုပ်ပုံပြင်ကလေး တစ်ခုဘဲ ဖြစ်ပါတယ်။ ကျွန်တော် တစ်ခါမှ အိပ်မက် မမက်ဖူးဘူး။ ယေရှုဟာ ကျွန်တော်တို့အတွက် သိုးထိန်းကြီး ဖြစ်မယ်။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆီးပေးမယ်။ သူ့ကို တစ်ကယ်ယုံရင် သူဟာလည်း ဆာလံအပိုဒ်တိုင်းမှာ ပါတဲ့အတိုင်း ဖြည့်ဆည်းပေးမယ်။ ဒီကနေ့ လူအများစုဟာလည်း ကျမ်းစာကို ဒီအတိုင်းမြင်တဲ့အတွက် အင်မတန်မှ သနားစရာကောင်းပါတယ်။

အနည်းငယ်သော သူသာလျှင် ဒီအမျိုးသမီးကြီးနဲ့ တူပါတယ်။ သူ့အိမ်ကို သင်းအုပ်ဆရာက လက်ဖက်ရည် သောက်သွားတဲ့ အခါမှာ သူမမီးဖိုချောင်ထဲမှာ ရှိစဉ် သင်းအုပ်ဆရာက သူမရဲ့ ဟောင်းနွမ်းနေတဲ့ ကျမ်းစာအုပ်ကို ယူပြီး တစ်ရွက်ပြီး တစ်ရွက် လှန်ပါတယ်။ အဲဒီမှာ ဆရာက ဘာသတိထားမိလဲ ဆိုရင် ဟိုနေရာ- ဒီနေရာမှာ လိုင်းတားထားပြီးလို့ အနားမှာ ရေးမှတ်ထားတာကို တွေ့ရပါတယ်။ သူမဟာ လက်ဖက်ရည်ခွက်နဲ့ အခန်းထဲကို ဝင်လာတဲ့အခါမှာ ဆရာက "အစ်မကြီး၊ ခင်ဗျားရဲ့ ကျမ်းစာအုပ်ကို ကြည့်ရတာ အင်မတန်မှ ပျော်ပါတယ်။ ဒါပေမဲ့ ဟိုနေရာ ဒီနေရာ အများကြီးမှာ ရေးထားတဲ့ စာလုံးအဓိပ္ပါယ်က ဘာလဲ ? - ပြီးတော့ ဒီနေရာမှာလဲ ဟိုနေရာမှာလဲ !

- အို - ဆရာကြီး ! သူမ၏ မျက်နှာသည် ပျော်ရွှင်မှုဖြင့် လင်းလက်သွားပြီး - အဓိပ္ပါယ်က စမ်းသပ်ကြည့်တယ် + မှန်ကန်ကြောင်း သက်သေပြနိုင်တယ် - လို့ ရပါတယ်။ အလွန်လိုအပ်နေတဲ့ တစ်ချိန်ချိန်မှာ ကျွန်မဟာ ဒီကတိတွေကို ကျွန်မအတွက် ကိုင်စွဲပါတယ်။ အဲဒီကတိတွေ ကျွန်မ စမ်းသပ်ကြည့်ပြီး မှန်ကန်တာကို တွေ့ရပါတယ်။

ဤသည်ကား ဘုရားသခင်သည် သူ၏ ကတိတော်များနှင့် ပတ်သက်၍ ကျွန်မတို့အား လုပ်စေချင်သော နည်းလမ်း အမှန်ပင် ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ လိုအပ်တဲ့ အချိန်မှာ သက်သေထူ စေချင်ပါတယ်။မာလခိ ၃း၁၀ တွင် "စုံစမ်းကြလော့" ဟု ပြောထားပါတယ်။ ကျွန်ုပ်တို့၏ ခွန်အား ယုံကြည်ခြင်း၊ စိတ်ချယုံကြည်စွာဖြင့် ကျမ်းစာပိုဒ်များ၏ ဘေးတွင် ဟု ရေးနိုင်သည် အထိ မိမိကိုယ်ကို စစ်ကြောခွင့် ပေးထားပါတယ်။

ကျွန်ုပ်တို့ကို အင်မတန် ကြီးကျယ်ပြီး တန်ဘိုးရှိတဲ့ ဂတိတော်တွေကို ပေးထားပါတယ်။ ရာပေါင်းများစွာသော ကတိတော်တွေရှိပါတယ်။ ထောက်ခံမှုတွေလည်း အများကြီး ရှိပါတယ်။ အဆုံးအစ မရှိသော ဥစ္စာပစ္စည်းများလည်း ဖြစ်ပါတယ်။ မည်သည့်အခါမှ မခမ်းခြောက်နိုင်သော စမ်းရေလဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့သွားပြီး ပြည်တော်ကို အမွေခံ ကြပါစို့ ! သို့မဟုတ်လျှင် ဓမ္မဟောင်းတွင် ပါရှိသည့် ခေါင်းမာသော ဣသရေလ လူမျိုးများကဲ့သို့ ဘုရားသခင်က သူတို့အတွက် ပိုင်ဆိုင်မှုများစွာ ပြင်ဆင်ထားပေးသော်လည်း၊ သူတို့၏ မယုံကြည်မှုများကြောင့် အမွေမခံရပေ။ (တောလည်ရာကျမ်း ၁၃း၃၀ မှ ၁၄း၃၅) ထို့ကြောင့် "လောကကို အောင်ခြင်း အကြောင်းမူကား ငါတို့၏ ယုံကြည်ခြင်းပေတည်း ' (၁ယော ၅း၄) ။

## သင်သိလိုသည့်အာရာများ | ဘုရားရှင်၏အဖြေ !

အမေး။ ဒီကနေ့ ခေတ်မှီ အဖွဲ့အစည်းတွင် ကျမ်းစာကို အမှန်တစ်ကယ် အသုံးချ၍ ရပါသလား?

အဖြေ။ ဒီကနေ့ လူအများစုဟာ ယေရှုနဲ့ သူ့ရဲ့ တပည့်တော်တွေ အကြောင်းကို ပုံပြင်တွေ အတိတ်မှာ ထားခဲ့ကြတယ်။ ၎င်းတို့ကို နတ်သမီး ပုံပြင်အတိုင်းလိုဘဲ ကြည့်ကြတယ်။ ဒါဟာ သူတို့အတွက် စစ်မှန်တဲ့ အရာမဟုတ်ဘူး၊ ဘုရားဟာ အင်မတန်မှ ဝေးတယ်။ ကောင်းကင်ဘုံဟာလည်း အင်မတန် ဝေးတယ်။ ယေရှုကလည်း သွားတာကြာလှပြီ။ အရာအားလုံးဟာ အဝေးကြီးမှာ ကျန်ခဲ့ပြီ။ ဒါပေမဲ့ သခင်ဘုရားဟာ အမြဲတမ်းရှိနေပြီး ဒီကနေ့လည်း ထိုနည်းအတိုင်း ပြုလုပ်နိုင်တယ်။ သာ၍ပင် ပြုလုပ်နိုင်တယ်။ ဘုရားသခင်ဟာ အသက်ရှင်လျက်ရှိ၏။ သူ့ကို ယုံကြည်သော သူများအထဲတွင် တန်ခိုးကြီးမားစွာဖြင့် လုပ်ဆောင်လျှက် ရှိနေပါသည်။ ကျမ်းစာထဲမှာ သူပြောထားပါတယ်။ 'ငါသည် ထာဝရဘုရား ဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ (မာလခ ၃း၆) ။ ထို့ပြင် ရှင်ပေါလုကလည်း 'ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။ (ဟေဗြဲ ၁၃း၈) အံ့သြဘွယ် နမိတ်လက္ခဏာရဲ့ နေ့ရက်တွေဟာ မကုန်ဆုံးပါဘူး။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် အာမခံချက်တွေကို တားမြစ်ထားတဲ့အရာ၊ ကန့်သတ်ချက်များ၊ အရည်အချင်းတွေ မရှိပါဘူး။ ကျွန်ုပ်၏ ယုံကြည်ခြင်းမှတစ်ပါး ဘာမှ မတားဆီးနိုင်ပါဘူး။

ဘုရားသခင် ကျွန်ုပ်တို့ထံမှ တောင်းဆိုတဲ့ အရာကတော့ နှုတ်ကပတ်တော်မှာပါတဲ့ ကတိတော်တွေကို ယုံကြည်ခြင်းဖြင့် သူ့ကို ချီးမြှောက်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ဆုတောင်းတဲ့အခါတွင် ကတိတော်များကို သင်နှင့် တစ်ပါတည်း ယူဆောင်ပြီး သူ့ကို သတိပေးပါ။ ဘုရားသခင်ကို သူ၏ ကတိတော်များဖြင့် ပြန်လည်၍ သတိပေးခြင်းသည် ဤကတိတော်များအား သင်ယုံကြည်သည်ကို ပြခြင်းပင် ဖြစ်ပါသည်။ နှုတ်

ကပတ်တော်ကို နားလည်သည့် အကြောင်းပြသည့်အတွက် ဘုရားသခင်ကို ကျေနပ်စေတော်မူပါ။ ထို့ကြောင့် ကျမ်းစာတော်မြတ်အား လက်ကိုင်ပြု၍ ဘုရားသခင်ကို သူ၏နှုတ်ကပတ်တော်ဖြင့် ဆွဲကိုင်ထားပါ။ သူဟာ သူ့ရဲ့ ကောင်းမြတ်တဲ့ ကတိတော်ကို ဘယ်အခါမှ မပျောက်စေပါဘူး။ (ဓမ္မရာဇဝင် တတိယစောင် ၈း၅၆) ဘုရားသခင်သည် ရာဇပလင်တော်ပေါ်တွင်ရှိ နေဆဲပါ။ ဆုတောင်းခြင်းအားဖြင့် အရာခပ်သိမ်းကို ပြောင်းလဲစေနိုင်ပါသည်။

# ကမ္ဘာလောကကြီးကို ပြောင်းလဲပါ

သင်ဟာ တစ်ခါတစ်ရံ ကမ္ဘာလောကကြီးရဲ့ ဖြစ်ပျက်နေတာများကြောင့် စိတ်ဓါတ်ကျနေမယ်ဆိုရင် အရှုံးမပေးပါနဲ့။ ကျွန်ုပ်တို့ ဖတ်ရပါတယ်။ နိုင်ငံကြီးတွေ အစိုးရမင်းတွေ၊ စစ်တပ်တွေ၊ စစ်ပွဲကြီးတွေဟာ သမိုင်းကြောင်းကို ပြောင်းလဲစေနိုင်ပါတယ်။ အဲဒါကို တစ်ခါတစ်ရံ ကျွန်ုပ်တို့ဟာ စိတ်ဓာတ်ကျပြီး တွေးမိတယ်။ 'ငါဟာဘာလဲ ? ငါဘာလုပ်နိုင်သလဲ ? အားလုံးဟာ မျှော်လင့်ချက်ကင်းမဲ့ပြီး မဖြစ်နိုင်သလို ရှိနေပါတယ်။ ကြည့်ရတာလဲ လူတစ်ယောက်ထဲ အနေနဲ့တော့ အရာရာကို ကောင်းအောင် မပြောင်းလဲနိုင်ဘူး။ အဲဒါမို့ ကြိုးစားလဲ ဘာအကျိုးရှိမှာလဲ ? တစ်ခုခု လုပ်လို့ကော ဘာအသုံးကျမှာလဲ ? ဒါနဲ့ ကျွန်ုပ်တို့ဟာ လက်မြှောက်အရှုံးပေးပြီး ကမ္ဘာလောကကြီးဟာ ငရဲထဲကျတာပဲ ထိုက်တန်တယ်လို့ ထင်မိကြပါတယ်။

မှန်ပါတယ်။ ကမ္ဘာလောကကြီး တစ်ခုလုံးကို သင်မပြောင်းလဲနိုင်ပေမဲ့ သင်ရှိနေတဲ့ ကမ္ဘာလောက တစ်စိတ်တစ်ပိုင်းကိုတော့ သင်ပြောင်းလဲနိုင်ပါတယ်။ သင်ဟာ အသက်တာတစ်ခုကိုပဲ ပြောင်းလဲနိုင်ပါစေ။ သင်ဟာ ကမ္ဘာ့ရဲ့ တစ်စိတ်တစ်ပိုင်းကို ပြောင်းလဲပြီး ဖြစ်ပါတယ်။ ဒါဟာ ဘာကို သက်သေထူသလဲဆိုရင် အရာအားလုံးဟာ ပြောင်းလဲနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ရှိတာကို ဖော်ပြပါတယ်။ အသက်တာ တစ်ခုကို ပြောင်းလဲနိုင်ပြီဆိုရင် နောက်ထပ်အသက်တာတွေ၊ အသက်တာ အများကြီးတွေဟာ ပြောင်းလဲနိုင်ချေရှိတယ်ဆိုတာကို သိရပါတယ်။ နယ်ပယ်ဒေသ တစ်ခုလုံးဟာ ကယ်တင်ခြင်း ရပြီး ကမ္ဘာလောကကြီးဟာ ပြောင်းလဲ နိုင်ပါတယ်။ တစ်ဦးတည်းသော ပုဂ္ဂိုလ် - သင်ဖြစ်ကောင်းဖြစ်မည် - နှင့် စတင်ပါ။

သင့်အနေနှင့် ကမ္ဘာလောကကြီးကို မပြောင်းလဲနိုင်ဘူးလို့ ပြောပါသလား ? သိပ်နောက်သွားပြီ၊ သိပ်ဆိုးတယ်။ သိပ်ကြီးကျယ်တယ်၊ လုပ်ရတာ သိပ်ခက်နေသလား ? ကောင်းပြီ။ ဒါဆိုရင် ဘာကြောင့် သင်နေတဲ့ ကမ္ဘာ အပိုင်းကို ကြိုးစားပြီး မပြောင်းလဲတာလဲ ? သင့်ရဲ့ နှလုံးသားအား သင့်ရဲ့ အသိဉာဏ်၊ သင့်ရဲ့ စိတ်ဝိညာဉ်၊ သင့်ရဲ့ အသက်တာအားဖြင့် ဘာကြောင့် မစတာလဲ ? သင့်ရဲ့ အသက်တာကို တောင်ပြောင်းလဲ နိုင်တယ်ဆိုရင် သင်ဟာ သင်နေတဲ့ ပတ်ဝန်းကျင်ကို ပြောင်းလဲပြီး ဖြစ်ပါတယ်။ ဘုရားသခင်၏ မေတ္တာတန်ခိုးတော်အားဖြင့် သင့်ကိုယ်သင် ပြောင်းလဲမယ်ဆိုရင် သင်၏ ပတ်ဝန်းကျင်ဟာလည်း ပြောင်းလဲ သွားမှာ ဖြစ်ပါတယ်။

သင်၏ အသက်တာကို သာမက သင့်မိသားစုမှာရှိသော သူများကိုသော်လည်းကောင်း၊ အိမ်ထောင်မှာ ရှိသောသူများကိုလည်းကောင်း၊ ပြောင်းလဲနိုင်ပါသည်။ ထိုအခါ သင့်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်သော်လည်းကောင်း၊ ဘုရားသခင်၏ သစ္စာတရား၊ မေတ္တာ၊ အသက်တာနှင့် ပြည့်ဝသော အသက်တာအသစ်၊ အတွေးအခေါ်အသစ်၊ နှလုံးသားအသစ်၊ စိတ်ဝိညာဉ်အသစ်များကို ရရှိမှာ ဖြစ်ပါတယ်။ ထိုအခါ သင့်ရဲ့ ကမ္ဘာဖြစ်တဲ့ သင့်ရဲ့ တစ်အိမ်ထောင်လုံး ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ သင်နေထိုင်ရာ သင့်ရဲ့ ကမ္ဘာဖြစ်တဲ့ သင့်ရဲ့ အသက်တာ၊ သင့်အိမ် သင့်မိသားစုကို ပြောင်းလဲပါ။ သင်ဟာ မိသားစုကို ပြောင်းလဲတဲ့လူ၊ သင့်ရဲ့ ကမ္ဘာကို ပြောင်းလဲတဲ့လူ ဖြစ်လာပါလိမ့်မယ်။

ထိုအခါ သင့်မိသားစုငယ် နေ့စဉ် တွေ့ကြုံ ဆက်ဆံနေရသော သင်၏ မိတ်ဆွေများ၊ လုပ်ငန်း အဖွဲ့အစည်းများ သို့မဟုတ် ကျောင်းနေဖက် သူငယ်ချင်းများ ဧည့်သည်များနှင့် သင်နေ့စဉ် တွေ့ကြုံ ဆက်ဆံနေရသော သူများအား စတင်၍ ကြိုးစား ပြောင်းလဲနေမည် ဖြစ်ပါသည်။ ထို့ထက်မက သင်သည် ခွန်အားစိုက်ထုတ်၍ အထီးကျန်သူများ ဆာလောင်မွတ်သိပ်နေသူများ၊ လိုအပ်လျက် ရှိသောနှလုံးသားများဖြစ်သည့် မေတ္တာကို ရှာဖွေနေသူများ၊ အမှန်တရားကို ရှာဖွေနေသူ၊ ဘာကိုရှာရမှန်း မသိဘဲ ရှာဖွေနေသူ၊ ပျော်ရွှင်မှုကို ရှာဖွေနေသော သူ၊ ကြိုးစားပြီး မိမိတို့၏ လိုအပ်ချက်များကို ကျေနပ်နှစ်သိမ့် စေသူ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် မေတ္တာတရားကို မရရှိခြင်းကြောင့် အသက်တာတွင် လစ်ဟာလျက် ရှိသောသူများ - အစရှိသူများထံသို့ သွားရောက်နိုင်ပေမည်။

ထို့ကြောင့် ကမ္ဘာလောကကြီးကို ပြောင်းလဲလိုက်ပါ။ တစ်ဦးချင်းသော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ သင်၏ မိသားစုနှင့်သော်လည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ချစ်ခြင်းမေတ္တာ၏ မျိုးစေ့အား လူတစ်ဦးပြီး တစ်ဦး နှလုံးသားတစ်ခုပြီး တစ်ခု၊ တစ်ရက်ပြီး တစ်ရက်၊ သင်ဘယ်နေရာမှာ ရှိနေပါစေ စိုက်ပါ။

ရလဒ်ဟာ ပထမပိုင်းတွင် အင်မတန်မှ သေးငယ်တဲ့ အဖူးလေး အနေနှင့်သော်လည်းကောင်း၊ သေးငယ်တဲ့ အရွက်တိုင်လေး အနေနှင့်သော်လည်းကောင်း၊ မထင်ရှားတဲ့ အညြှောင့်လေးအနေနှင့်သော်လည်းကောင်း၊ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်တော်ရဲ့ ခွန်အားကြီးမားတဲ့ လက်တော်ထဲမှာ ဒါတွေဟာ ဘာတွေလဲ ? လိုအပ်နေတဲ့ တောအုပ်အတွက် ဒါတွေဟာ ဘာတွေလဲ ? ကောင်းပြီးတာဟာ အစပဲ ဖြစ်ပါတယ်။ ၎င်းဟာ သန်စွမ်းလာမယ်။ ကြီးထွားလာမယ်။ ကြီးပွားတိုးတက်လာမယ်။ ကြီးမားသန်စွမ်းတဲ့ အပင်ကြီး တစ်ပင် သို့မဟုတ် အသစ်သော အသက်တာ၊ အသစ်သော ကမ္ဘာကြီးသို့ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့် မစမ်းကြည့်သနည်း ?

သင်ကမ္ဘာလောကကြီးကို ပြောင်းလဲနိုင်ပါတယ်။ သင်ဟာ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကို ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နှင့်

ချစ်ခြင်းမေတ္တာကို ဝေမျှမယ်ဆိုရင် သင်ဟာ ကမ္ဘာလောကကြီးကို ပြောင်းလဲနေခြင်းပဲ ဖြစ်ပါတယ်။ သင်ဟာ ကမ္ဘာလောကကြီးကို ပြောင်းလဲနေတယ်။ သင်ဟာ သစ္စာရှိမယ်ဆိုရင် ကောင်းကင်ဘုံမှာ သူနဲ့ ပြန်လည်ဆုံတွေ့တဲ့အခါမှာ သင့်ကို ဆုချမှာ ဖြစ်ပါတယ်။ သူက 'သာဓု၊ သစ္စာရှိသော ငယ်သားကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏ သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့ဟု မိန့်တော်မူ၏။ (မဿဲ ၂၅း၂၁) သင်ဟာ အမြဲတမ်း အောင်မြင်မှာ မဟုတ်ပေမဲ့ သင်ဟာ သစ္စာရှိတယ်။ သင်ဟာ အမြဲတမ်း ပေါ်လွင်နေတဲ့လူ သို့မဟုတ် ထင်ရှားသောသူ တစ်ယောက် မဖြစ်ပေမဲ့၊ သင်ဟာ ဘုရားသခင်ကို ချစ်ပြီး အစေခံရန် သစ္စာရှိခဲ့တယ်။ သူစေခိုင်းသမျှကို သင်လုပ်ခဲ့တယ်။

အဲဒါမို့ ကမ္ဘာလောကကြီးကို ပြောင်းလဲပါ ! သင်ရဲ့ ကမ္ဘာကြီးကို ပြောင်းလဲပါ။ သစ္စာရှိသော သက်သေခံများ ဖြစ်ကြပါ။ အခြားသူများအား သင်၏ အသက်တာတွင် ဘုရားသခင် အလုပ်လုပ်နေကြောင်း သူ၏မေတ္တာ၊ သူ၏ အမှန်တရားဖြင့် သင့်အတွက် ဘာလုပ်နေသည်ကို သက်သေခံခြင်းဖြင့် သင်၏ကမ္ဘာ အပိုင်းကို စတင်ပြောင်းလဲပါ ! ဖြစ်ပေါ်လာသည့် အရာများအတွက် သင်အံ့ဩ ရပါလိမ့်မည်။

# လူအများနှင့် အောင်မြင်စွာဆက်ဆံခြင်း

## နားထောင်တတ်ဖို့ သင်ယူခြင်း!

အပြုအမူများစွာရှိသည်အနက် သူတစ်ပါးအား သူသည် အရေးပါသောသူ တန်ဖိုးရှိသောသူ ဖြစ်ကြောင်း၊ ခံစားစေသည့် အပြုအမူမှာ သူ၏ စကားကို ဂရုတစ်စိုက် နားထောင်ခြင်းပင် ဖြစ်ပါသည်။ ဒီအချက်ကို လူတွေ အများဆုံး အမြင်ချော် သွားတတ်ပါသည်။ လူတွေဟာ စကားပြောချင်တယ်။ မိမိကိုယ်ကိုလဲ ဖော်ပြချင်တယ်။ ဒါကို ကျွန်ုပ်တို့ အနေနဲ့ ဂရုတစိုက် နားထောင်ပေးပါ။ ၎င်းတို့ အနေနဲ့ အကောင်းဆုံး ပြန်လည်တုံ့ပြန်မည်။ နားထောင်သူ၏ အကြံပြုချက်များကိုလည်း လိုက်လုပ်မည် ဖြစ်ပါသည်။

ဘယ်လိုလုပ်ပြီးသင်ဟာ ဂရုတစိုက် နားထောင် တတ်သူ တစ်ယောက် ဖြစ်မလဲ ? သင်ဟာ နားထောင်ဘို့ အလိုရှိရမယ်။ အခြားသူများ ပြောတာကို နားထောင်ချင်တဲ့ ဆန္ဒ ရှိရပါမယ်။ သင်ကိုယ်သင် အခြားသူများ၏ စကားကို နားထောင်လိုသူ အဖြစ် မိမိကိုယ်ကို မြင်ပါက - သင့်အနေနဲ့ လူမှုရေး အခြေအနေ၊ အပေးအယူ၊ ရောက်တတ်ရာရာများကို စိတ်ဝင်တစားနှင့် ဖလှယ်နေကြသည်ဟု တွေးတောမိပေလိမ့်မည်။ သို့ရာတွင် တစ်ချိန်တွင် တစ်ဘက်လူမှ ကိုယ်နှင့် အမြင်ခြင်း ဆန့်ကျင်သည့် အခါမျိုးတွင် နားထောင်ရသည်မှာ အခက်ခဲဆုံး ဖြစ်ပါသည်။ သို့ရာတွင် အရေးကြီးဆုံးလည်း ဖြစ်ပါသည်။ ၎င်းမှာ တစ်ကိုယ်ကောင်း မဆန်သော နားထောင်ခြင်းပင်ဖြစ်ပါသည်။တကိုယ်ကောင်း မဆန်သော နားထောင်ခြင်းများတွင် တစ်ခါတစ်ရံ ဆက်ဆံရေးတွင် ဝိရောဓိ ဖြစ်တတ်ပါသည်။ သင့်အနေနှင့် မတရားဘူး၊ မမှန်ကန်ဘူးဟု ထင်သောအရာများနှင့် ပတ်သက်၍ စွပ်စွဲခြင်း၊ စီရင်ခြင်းကိုလည်း ခံရတတ်ပါသည်။

ထိုအခါမျိုးတွင် သင်စိတ်ထိခိုက်ရပါသည်။ ပထမဆုံးစိတ်ထဲမှာ ဖြစ်ပေါ်လာက ပြန်ပြီး တိုက်ခိုက်ဖို့ဘဲ ဖြစ်ပါတယ်။ ဤကဲ့သို့ ပြုပါက တစ်ဘက်သားအား သင့်ကို ပြန်၍ မေတ္တာရှိဘို့ သို့မဟုတ် သင်နှင့် သဘောတူညီဖို့ရန် မည်သို့မှ နားထောင်ခြင်းမှာ စေတနာ ပါသည်။ တကိုယ်ကောင်း မဆန်တဲ့ နားထောင်ခြင်းမှာ စေတနာပါသည်။ တကိုယ်ကောင်းမဆန်တဲ့ နားထောင်ခြင်းမှာ မိမိ၏ဆန္ဒကို မဖော်ပြရန် ထိန်းချုပ်စေပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်လော့ (ဂလာတိ ၅း၁၄) အခြားလူများကို နားလည်မှု ရှိရန်၊ ၎င်းတို့၏ စကားကို နားထောင်ခြင်းသည် ဘုရားသခင်၏ လုပ်ငန်းတော်အား ဘုရားသခင်၏ ချစ်မြတ်နိုးခြင်း မေတ္တာဖြင့် ပုံဆောင်ပေးခြင်းပင် ဖြစ်ပါသည်။ သင်၏ အသံကို လျှော့ချလိုက်ရုံနှင့် မလုံလောက်ပါ။ သင်သည် သူ၏ စကားကို စိတ်ပါ လက်ပါနှင့် နားထောင်လိုသည့် ဆန္ဒရှိတာကို ဖော်ပြရမည်။ ကိုယ့်ဆန္ဒကို မထုတ်ဖော်မှီ တစ်ဘက်သား ပြောတာကို ဆင်ခြင်သုံးသပ်ရမည်။

ကောင်းသော နားထောင်ခြင်းဖြစ်ရန် အားထုတ်မှု လိုပါသည်။ သင်နှင့် စကားပြော၍ အဆင်ပြေသော သူသည် ကောင်းစွာ နားထောင်သောသူ ဖြစ်သည်။ ၎င်းတို့၏ စိတ်ပါဝင်စားမှုကို လည်းကောင်း၊ ၎င်းတို့၏ မျက်လုံး၊ ကိုယ်ဟန်နှင့်လည်းကောင်း၊ ၎င်းတို့၏ တုန့်ပြန်ချက်များတွင် ဖော်ပြပါသည်။ ၎င်းသည် မဖော်ပြနိုင်သော စိတ်အခြေအနေ တစ်ခုဖြစ်ပြီး၊ ၎င်းဘာကို ဆိုလိုသလဲ ဆိုရင် "သင်စကားပြောတာကို နားထောင်ရတာပျော်တယ်။ သင်ဟာ ကျွန်ုပ်အတွက် အရေးကြီးပါတယ်။ " ၎င်းတို့၏ ဆိတ်ငြိမ်စွာနေခြင်း၊ စိတ်ရှည်ခြင်းဟာ သင့်ကို ဘာပြောနေသလဲဆိုရင် "သင်အချိန်ယူပါ။ ငါ့မှာ ဒီအချိန်မှာ မင်းပြောမဲ့စကားကို နားထောင်ဘို့ထက် ဘာမှ အရေးကြီးတာ မရှိဘူး"

နားထောင်ခြင်းဟာ ခရစ်တော်ရဲ့ နည်းဥပဒေသကို တစ်နည်းအားဖြင့် ဖြည့်ဆည်းခြင်းပင် ဖြစ်ပါသည်။ ကျမ်းစာထဲတွင် ကိုယ် နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်လော့ (ဂလာတိ ၅း၁၄) အခြားလူများကို နားလည်မှု ရှိရန်၊ ၎င်းတို့၏ စကားကို နားထောင်ခြင်းသည် ဘုရားသခင်၏ လုပ်ငန်းတော်အား ဘုရားသခင်၏ ချစ်မြတ်နိုးခြင်း မေတ္တာဖြင့် ပုံဆောင်ပေးခြင်းပင် ဖြစ်ပါသည်။